# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၁၇၇ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်

( ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )

## နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုများ တိုးတက်များပြားလာသည်နှင့်အမျှ ကုန်သွယ်မှု လွယ်ကူချောမွေ့စေနိုင်ရေးအတွက်လည်းကောင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ကျိုတိုသဘောတူညီချက်၏ အထွေထွေနောက်ဆက်တွဲပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်အရလည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်အရလည်းကောင်း နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အား မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၂။ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်သည် ကုန်ပစ္စည်းရှင်းလင်းထုတ်ယူရာတွင် အချိန်နှင့် ကုန်ကျစရိတ်များသက်သာစွာဖြင့် လျင်မြန်စွာထုတ်ယူနိုင်စေရန် ရည်ရွယ်ဆောင်ရွက်မည့် စနစ်တစ်ခု ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ကုန်သွယ်မှုလုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးအတွက် ကြီးကြပ်ထိန်းကွပ်ရသည့်အစီအမံများဖြင့် ထိရောက်မှုရှိစေသည့် ခေတ်မီကုန်စည်ရှင်းလင်းရေးစနစ်ဖြစ်ရာ ကုန်သွယ်မှုဆက်စပ်ဌာနများ၊ ပုဂ္ဂလိကကဏ္ဍများအားလုံး ထိရောက်စွာပူးပေါင်းပါဝင်ဆောင်ရွက်ရမည့်စနစ် ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် “ **နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ** ” ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၁ ) |

| | | |
|---|---|---|
| (ဂ) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သတင်းအချက်အလက်နည်းပညာနှင့်
ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဎ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဒ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ကုန်ပစ္စည်းအလိုအလျောက်ရှင်းလင်းရေးနှင့်
ထိန်းချုပ်ရေးဌာနခွဲ
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၃။ နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ်အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် တည်ထောင်ခြင်းအတွက် လမ်းပြမြေပုံ(Road Map) ရေးဆွဲဆောင်ရွက်ရန်၊

(ခ) ဦးဆောင်ကော်မတီ၏ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့် (TOR) အား ရေးဆွဲထုတ်ပြန်ရန်၊

(ဂ) ဦးဆောင်ကော်မတီ၏ လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းအဖွဲ့များ၊ အထောက်အကူပြုရုံးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးရန်၊

(ဃ) နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အား နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများအား လိုအပ်သလိုဖိတ်ခေါ်၍ အကြံဉာဏ်ရယူဆောင်ရွက်ရန်၊

(င) နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မည့် နည်းပညာပုံစံနှင့် လုပ်ငန်းအစီအမံများအား အတည်ပြုချမှတ်ပေးရန်၊

(စ) နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အား သက်ဆိုင်ရာအစိုးရဌာနများက ပူးပေါင်းပါဝင်ညှိနှိုင်းဆောင်ရွက်နိုင်ရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်ရန်၊

(ဆ) နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းတိုးတက်မှုအခြေအနေများအား စဉ်ဆက်မပြတ် စောင့်ကြည့်သုံးသပ်၍ လိုအပ်သော လမ်းညွှန်မှုများကို ချမှတ်ပေးရန်၊

(ဇ) နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်တည်ထောင်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေခွင့်ပြုချက်ရရှိရေး ဆောင်ရွက်ရန်၊

(ဈ) နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အခါအားလျော်စွာ အစီရင်ခံတင်ပြရန်၊

(ည) နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် လုပ်ငန်းစဉ်များနှင့် အကျွမ်းတဝင်ဖြစ်စေရေး ပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် အသိပညာပေးအစီအစဉ်များ စီစဉ်ဆောင်ရွက်ရန်၊

(ဋ) နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် တည်ထောင်ပြီးနောက် ကုန်သွယ်မှုအခြေအနေများအပေါ် စဉ်ဆက်မပြတ်စောင့်ကြည့်သုံးသပ်၍ လိုအပ်ပါက နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်အား အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး